# Count Functions

Count Function အသုံးပြုပုံများ

- အချက်အလက်(စာသား/ကိန်းဂဏန်း) ပါသော cell ကွက်များကို ရေတွက်ခြင်း ("=**COUNTA()**")
  ရေတွက်လိုသော cell လိပ်စာများကို လက်သည်းကွင်းအတွင်းတွင် သတ်မှတ်ပေးရမည်ဖြစ်ပြီး တစ်ခုထက်ပိုသော လိပ်စာများပေးလိုပါက ကြားတွင် "," ထည့်ပေးရမည်။ ဉပမာ -
  (၁) "=COUNTA(A1:A10)" cell A1 မှ A10 အတွင်းရှိ အချက်အလက်ပါရှိသော cell များကို ရေတွက်ခြင်း။
  (၂) "=COUNTA(A1:A10,C5:C10)" cell A1 မှ A10 အတွင်းနှင့် cell C5 မှ C10 အတွင်းရှိ အချက်အလက်ပါရှိသော cell များကို ရေတွက်ခြင်း။
  (၃) "=COUNTA(A1,A5,E4)" cell A1, A5 နှင့် E4 အတွင်းရှိ အချက်အလက်ပါရှိသော cell များကို ရေတွက်ခြင်း။

- ကိန်းဂဏန်းပါသော cell ကွက်များကို ရေတွက်ခြင်း ("=**COUNT()**")
  ရေတွက်လိုသော cell လိပ်စာများကို လက်သည်းကွင်းအတွင်းတွင် သတ်မှတ်ပေးရမည်ဖြစ်ပြီး တစ်ခုထက်ပိုသော လိပ်စာများပေးလိုပါက ကြားတွင် "," ထည့်ပေးရမည်။ ဉပမာ -
  "=COUNT(A1:A10)" cell A1 မှ A10 အတွင်းရှိ ကိန်းဂဏန်းပါရှိသော cell များကို ရေတွက်ခြင်း ဖြစ်ပါသည်။

- မည်သည့်အချက်အလက်မှ ထည့်သွင်းထားခြင်းမရှိသော cell ကွက်များကို ရေတွက်ခြင်း ("=**COUNTBLANK()**")
  ရေတွက်လိုသော cell လိပ်စာများကို လက်သည်းကွင်းအတွင်းတွင် သတ်မှတ်ပေးရမည်ဖြစ်ပြီး တစ်ခုထက်ပိုသော လိပ်စာများပေးလိုပါက ကြားတွင် "," ထည့်ပေးရမည်။ ဉပမာ -
  "=COUNTBLANK(A1:A10)" cell A1 မှ A10 အတွင်းရှိ cell အလွတ်များကို ရေတွက်ခြင်း ဖြစ်ပါသည်။

- အခြေအနေတစ်ခုနှင့် ကိုက်ညီသော cell များကို ရေတွက်ခြင်း ("=**COUNTIF(cell address, condition)**")
  လက်သည်းကွင်းအတွင်းတွင် (cell လိပ်စာ၊ တိုက်ဆိုင်စစ်ဆေးရမည့် အခြေအနေ)ကို သတ်မှတ်ပေးရမည်ဖြစ်ပြီး တစ်ခုနှင့်တစ်ခု ကြားတွင် "," ထည့်ပေးရပါမည်။ အခြေအနေကို "" အတွင်းတွင်ထားရှိရမည်။ ဉပမာ -
  "=COUNTIF(A1:A10, ">=60")" ၆၀ နှင့် အထက်ရှိ ကိန်းဂဏန်းများကို ထည့်သွင်းထားသော cell A1 မှ A10 အတွင်းရှိ cell များကို ရေတွက်ခြင်း ဖြစ်ပါသည်။

 Copyright@MIMU 2018 